# မာတိကာ


၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမေမြင့်၏ ဥပဒေ့ချာစဉ် က

၂။ ဥက္ကဋ္ဌ မြန်မာဂန္ထဝင် အတွဲ (၁၀၀) စာစဉ်ထုတ်ဝေရေးကော်မတီ
စည်သူ ဒေါက်တာ သော်ကောင်း၏ အမှာစာ ဃ

၃။ ဒု-ဥက္ကဋ္ဌ မြန်မာဂန္ထဝင် အတွဲ (၁၀၀) စာစဉ် ထုတ်ဝေရေးကော်မတီ
မောင်ခင်မင် (ဓနုဖြူ)၏ မိတ်ဆက်စကား ဝ

၄။ မိုးဇံ၏ စာစဉ်နိဒါန်း ဓ

၅။ ရွှေစကြာ ဦးစိုးမြင့်၏ နိဒါန်း ၁

၆။ နားခံတော်နှင့် နတ်ရှင်နောင်
ရွှေစကြာနှင့် ရွှေစကြာ၏ဆရာ လယ်တီပဏ္ဍိတ ၅

၇။ နားခံတော်ဝတ္ထု ၉

၈။ စစ်ပြီးခေတ် ပုံနှိပ်ခြင်းအတွက် ဇဝန၏ အမှာ ၁၄၃

၉။ ကောလိပ်ကျောင်းသားဝတ္ထု ၁၄၇


## ဥပဒေ့ချာစဉ်

မြန်မာဂန္ထဝင်အတွဲ (၁၀၀) စာစဉ် အတွဲ(၄)ကို ယခုထုတ်ဝေလိုက်ပါပြီ။

မြန်မာစာပေကို နှစ်သက်မြတ်နိုး၍ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသော စာပေပညာရှင်များနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန် စာတည်းအဖွဲ့တို့၏ ကြိုးပမ်းအားထုတ်မှု ဖြစ်ပါသည်။

မြန်မာ့လွတ်လပ်ရေးခေတ်ဦးက စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် စာပေဗိမာန် အနေဖြင့် နိုင်ငံသားတို့ အသိပညာကြွယ်ဝရေးကို ရည်မျှော်ကာ မြန်မာ့စွယ်စုံကျမ်း၊ လူထု သိပ္ပံကျမ်း၊ စသည့် အထင်ကရ ရည်ညွှန်းကျမ်းကြီးများ၊ အပါအဝင် စာအုပ်စာတမ်း များစွာကို မြန်မာစာပေပညာရှင်တို့၏ ဝိုင်းဝန်းပါဝင်မှုဖြင့် ပြုစုထုတ်ဝေ ဖြန့်ချိပေးနိုင်ခဲ့ ပါသည်။

"အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟူသော ဆောင်ပုဒ်နှင့်အညီ ပညာအလင်းရောင် ထွန်းညှိ ဖြန့်ကြက်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ယခုအခါ စာပေဗိမာန်သည် ကနဦးအစ ထူထောင်ခဲ့ကြသည့် အမြော်အမြင် ကြီးမားသော ပညာရှင်ပုဂ္ဂိုလ်ကြီးများ၏ အစဉ်အလာကို ဆက်လက်ထိန်းသိမ်း မြှင့်တင် ပေးသောအားဖြင့် ၁၉၅၀-၆၀-၇၀ ခုနှစ်များအတွင်းက ပြုစုခဲ့သော မြန်မာ့စွယ်စုံကျမ်းကို ယနေ့ ၂၀၁၀ ခုနှစ်၏ အသိပညာဗဟုသုတများ ပြည့်စုံစွာပါရှိသည့် ခေတ်မီစွယ်စုံ ကျမ်းသစ်ကြီးဖြစ်အောင် ပြင်ဆင်ဖြည့်စွက် ပြုစုသောလုပ်ငန်းကို ထွန်းဆောင်အောင်ရှင်းနှင့် တွဲဖက်ကာ အကောင်အထည်ဖော်လျက် ရှိပါသည်။



တစ်ဖက်တွင် ယခင် မဆောင်ရွက်ခဲ့ဖူးသေးသော စာပေအစီအစဉ်တစ်ရပ်ဖြစ်သည့် မြန်မာဂန္ထဝင်အတွဲ (၁၀၀) စာစဉ်ကို ပြုစုထုတ်ဝေနိုင်ရန်အတွက် ယနေ့ မြန်မာစာပေ နယ်မှ ထင်ရှားသော ပညာရှင်များအား ပန်ကြားဖိတ်ခေါ်ကာ ၎င်းတို့၏အသိပညာနှင့် လုံ့လဝီရိယ စွမ်းအားများဖြင့် ကြိုးပမ်းစီစဉ်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာစာအုပ် (၁၀၀) စာစဉ်ဟုလည်း၊ စီစဉ်သူတို့ ကနဦးခေါ်ဆိုခဲ့ကြသည့် ယခုစာစဉ်ကို ပြုစုရသည့် အဓိက ရည်ရွယ်ချက်ကား မြန်မာစာပေသမိုင်းတစ်လျှောက် ပေါ်ပေါက်ခဲ့သည့် စာအုပ်စာပေများထဲမှ အထူးခြားဆုံး၊ အကောင်းဆုံးလက်ရာများကို ရွေးချယ်စုစည်းပေးခြင်းဖြင့် နောင်လာမည့် မျိုးဆက်သစ်မြန်မာများအနေဖြင့် မြန်မာ စာကောင်းပေမွန်တို့ကို လွယ်လင့်တကူ ထိတွေ့ခွင့်ရကာ စာပေကာပေးသော ရသနှင့် သုတများ ခံစားရရှိခြင်းနှင့်အတူ မြန်မာစာမြန်မာမှုတို့အပေါ် နှစ်သက်မြတ်နိုးစိတ် များလည်း ၎င်းတို့၌ ကိန်းအောင်းဖြစ်ပေါ်စေလိုခြင်း ဖြစ်သည်။

သည့်အပြင် ရှေးအစဉ်အဆက် ရှိနှင့်ခဲ့သော မြန်မာတို့၏ ဘဝအတွေ့အကြုံများ၊ အသိပညာ ဗဟုသုတများ၊ အမြော်အမြင် အကျင့်အကြံများနှင့် မြန်မာ့စိတ်နေစိတ်ထားများကို လေ့လာအကဲခတ်လိုသည့် နိုင်ငံတကာ သုတေသီများအတွက် အထောက်အကူ ပြုနိုင်ရန်လည်း ရည်ရွယ်ပါသည်။

သည့်အတွက် ဤစာစဉ်တွင် မြန်မာစာပေ ပေါ်ဦးစမှသည် ခရစ်နှစ် ၂၀၀၀ ပြည့်နှစ် ကုန်အထိ နှစ်ပေါင်း ၉၀၀ မျှ ကြာမြင့်သော ကာလအတွင်း ထွက်ပေါ်ခဲ့သည့် မြန်မာစာပေ လက်ရာများထဲမှ အထက်ရည်ရွယ်ချက်များအတွက် အသင့်လျော်ဆုံးတို့ကို ရွေးချယ် စုစည်းခဲ့ရာ စာပေအမျိုးအစားအရ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာလင်္ကာ၊ ပြဇာတ်၊ အက်ဆေး (ရသစာတမ်း) အတ္ထုပ္ပတ္တိတို့မှသည် ရာဇဝင်၊ သမိုင်း၊ အရေးတော်ပုံ၊ မှတ်တမ်း၊ ဖြတ်ထုံး၊ လျှောက်ထုံး၊ အဖွင့်ကျမ်း၊ အဖြေကျမ်း၊ ဆုံးမစာ၊ စကားထာ၊ စကားပုံ၊ ဆိုရိုးစကား၊ မှီရာပုံပြင် စသည်များအထိ နှံ့လင်စွာပါဝင်သကဲ့သို့ အကြောင်းအရာအရ ကြည့်လျှင်လည်း လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ထုံးစံဓလေ့၊ ဇာတ်လာ၊ ဘာသာစကား၊ အနုပညာ၊ အတတ်ပညာတို့အပြင် မြန်မာ့ဉာဏ်၊ မြန်မာ့အတွေး၊ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့ စရိုက်လက္ခဏာ စသည်ဖြင့် မြန်မာဆိုင်ရာ အကြောင်းချုပ်ပေါင်းစုံ ပါဝင်ကြောင်း တွေ့ရမည် ဖြစ်သည်။

မြန်မာစာပေနယ်၌ ရှိသင့်ရှိထိုက်သည်ဟု ယုံကြည်သော ဤစာစဉ်ကို မနှောင်း မနေး မကြန့်ကြာစေဘဲ ထုတ်ဝေနိုင်ရန် စီစဉ်ရာ၌ ချို့ယွင်းချက်၊ အားနည်းချက်များ ရှိနိုင်မည်ဖြစ်ရာ စာဖတ်သူများ၊ စာပေပညာရှင်များက ဝေဖန်ထောက်ပြ အကြံပြု



ကြစေလိုပါသည်။ ယင်းအကြံပြုချက်များကိုယူကာ နောက်ပုံနှိပ်ခြင်းများတွင် ပြုပြင် သွားနိုင်ရန်အတွက် ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်အနေဖြင့် ယခုစာစဉ်ကို စတင်ထုတ်ဝေ နိုင်ခြင်းအတွက် များစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။ ဤစာစဉ်ဖြစ်မြောက်ရေးအတွက် မိမိတို့၏ ပညာ၊ ဗဟုသုတ၊ ဉာဏ်အမြော်အမြင်များသာမက စေတနာမေတ္တာများကိုပါ အပြည့်အဝ စိုက်ထုတ်ထည့်ဝင် ဆောင်ရွက်ပေးခဲ့ကြသည့် စာပေပညာရှင်ကြီး များကိုလည်း အထူး ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဒေါက်တာမေမြင့်
ပြည်ထောင်စုဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန